# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန
# တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့

# ရော်ဘာတောင်သူဝင်ငွေတိုးစေဖို့
# ကြားသီးနှံ စိုက်ပျိုးကြပါစို့

၂၀၂၂ ခုနှစ်၊ မတ်လ

တင်ပြသူ – ဒေါ်ကေဇာလင်း (လက်ထောက်ဦးစီးမှူး)
သရက်ချောင်းမြို့နယ်

# နိဒါန်း



- English Name – Rubber
- Myanmar Name – ရော်ဘာ
- Family – Euphorbiaceae
- Scientific Name – *Hevea brasiliensis*

- ရော်ဘာ၏မူရင်းဒေသသည် တောင်အမေရိကတိုက်၊ ဘရာဇီးနိုင်ငံ၊ အမေဇုန် မြစ်ဝှမ်း ဒေသ
- ၁၈၇၆ခုနှစ်တွင်တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့သို့ စတင်ရောက်ရှိ
- ရော်ဘာကို ၁၉၀၅ခုနှစ်တွင်မြန်မာနိုင်ငံ၌ စီးပွားဖြစ်စတင်စိုက်ပျိုး
- နောက်ပိုင်းတွင်တောင်သူများသည် ရော်ဘာတစ်မျိုးတည်းမဟုတ်ဘဲ အခြားသီးနှံများကိုပါ ကြားသီးနှံ အဖြစ်ရောနှောစိုက်ပျိုးလာကြသည်။
- ထိုသို့စိုက်ပျိုးခြင်းသည်တောင်သူများအတွက်ရော်ဘာအပြင်အခြားသီးနှံအတွက်ပါ ဝင်ငွေရရှိသည်။








မြိတ်မြို့နယ် လေယာဉ်ကွင်း အနီးရှိ
မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ရော်ဘာပင်

# ၂၀၂၁ ခုနှစ်၊ မိုးရွာသွန်းမှုအခြေအနေ ၃၁.၁.၂၀၂၂



# ရည်ရွယ်ချက်

- ရော်ဘာစိုက် တောင်သူများအနေဖြင့် ရော်ဘာသီးနှံတစ်မျိုးတည်းသာမက ကြားသီးနှံမှ ဝင်ငွေရရှိစေရန်၊
- အစေးလှီးလုပ်သားများအား တစ်နှစ်ပတ်လုံး အလုပ်အကိုင်ရရှိစေရန်၊
- ရော်ဘာအစေးမထွက်မှီကာလနှင့် အစေးလှီးနားနေကာလများ၌ ကြားသီးနှံများမှ ဝင်ငွေရရှိစေရန်၊
- ရေရှည်တည်တံ့သော ရော်ဘာစိုက်ပျိုးခြင်း၏ ဆန်းသစ်မှုကို တောင်သူများ အား ပညာပေးပြသရန်၊

# ရော်ဘာစိုက်ပျိုးခြင်း

- ရော်ဘာပင်ကို မိုးရေးချိန်နိမ့်သော မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှလွဲ၍ ကျန်ဒေသများတွင် စိုက်ပျိုးကြသည်။
- ရော်ဘာတစ်မျိုးတည်း သီးသန့်စိုက်ပျိုးခြင်းတွင် ပင်ကြား တန်းကြား အကွာအဝေး (၁ဝ ပေ– ၂ဝ ပေ ) စနစ်ဖြင့် စိုက်ပျိုးပါက တစ်ဧကတွင် ( ၂၁၇ ) ပင် ဝင်ဆန့် ပါသည်။
- ဆန်းသစ်ထားသော ရော်ဘာစိုက်ပျိုးနည်းစနစ်တွင် ရော်ဘာကို ပင်ကြားတန်းကြား ( ၆ ပေ– ၁၂ ပေ ) ဖြင့် ( ၂ )လိုင်း စိုက်ပျိုးပြီး ပေ( ၆ဝ ) ကြားတွင် ကြားသီးနှံ စိုက်ရသည်။
- မိမိပိုင်ဆိုင်သည့်မြေကို အကျိုးရှိစွာ အသုံးချနိုင်ရန် ရော်ဘာတစ်မျိုးတည်း သီးသန့်မစိုက်ဘဲ သီးနှံစုံ ရောနှောစိုက်ပျိုးရန် လိုအပ်ပေသည်။
- ထိုသို့ဆောင်ရွက်ရာတွင် ရော်ဘာသီးသန့် စိုက်ပျိုးသည့်စနစ်၌ တစ်ဧက ဝင်ဆန့်သော ရော်ဘာပင်အရေအတွက်အတိုင်း ရရှိစေပြီး ကြားသီးနှံများလည်း ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ဝင်ငွေအပိုရအောင် ဆောင်ရွက်ခြင်း ဖြစ်သည်။

- ရော်ဘာပင်သည် အရွက်အုပ်ရေိယာ ရောက်သည့်နေရာအထိ ဘေးမြစ်များ ဖြာလေ့ ရှိပါသည်။
- ကြားသီးနှံ စိုက်ပျိုးရာတွင် ရော်ဘာပင်နှင့် အနှောက်အယှက် မဖြစ်စေရန် စဉ်းစား ဆောင်ရွက်ရမည်။

**ရော်ဘာပင်ကြားတွင်စိုက်ပျိုးနိုင်သောကြားသီးနှံများမှာ**

- နှစ်ရှည်ပင်များ – ပိန္နဲ၊ ကွမ်းသီး၊မျောက်ငို
- သက်လတ်ပင်များ – ကော်ဖီ၊ ကိုကိုး
- ရာသီပင်များ – ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်
- သစ်ထုတ်နိုင်သော အပင်များ – ပိတောက်၊ တမလန်း
- ရေရှည်ထား၍ရသော အရိပ်မကြောက်သည့်အပင်များ – နာနတ်၊ ဂျင်း၊ နနွင်း၊ ပိန်းဥ၊ ကန်စွန်းဥ၊ ဝဥ

# ရော်ဘာစိုက်ခင်းအတွင်း ကြားသီးနှံ၊ ပင်ကြားတန်းကြားနှင့် ဝင်ဆံ့အပင်အရေအတွက်

| စဉ် | အဓိကသီးနှံ | | အဓိကသီးနှံ | | ကြားသီးနှံ | | ကြားသီးနှံ | |
|---|---|---|---|---|---|---|---|---|
| | သီးနှံ အမျိုးအစား | ဝင်ဆံ့ အပင် ဦးရေ | တန်းကြား (ပေ) | ပင်ကြား (ပေ) | သီးနှံအမျိုးအစား | ဝင်ဆံ့ အပင် ဦးရေ | တန်းကြား (ပေ) | ပင်ကြား (ပေ) |
| ၁။ | ရော်ဘာ | ၂၁၀ | ၁၂ | ၆ | ပိန္နဲ | ၆၀ | ၂၀ | ၂၀ |
| ၂။ | ရော်ဘာ | ၂၁၀ | ၁၂ | ၆ | နာနတ် | ၃၁၂ | ၆ | ၄ |
| ၃။ | ရော်ဘာ | ၂၁၀ | ၁၂ | ၆ | ကွမ်းသီး | ၁၇၁ | ၁၁ | ၁၁ |
| ၄။ | ရော်ဘာ | ၂၁၀ | ၁၂ | ၆ | ကော်ဖီ | ၁၈၉ | ၁၀ | ၁၀ |
| ၅။ | ရော်ဘာ | ၂၁၀ | ၁၂ | ၆ | ကိုကိုး | ၁၈၉ | ၁၀ | ၁၀ |

# အစေးလှီးနေသောရော်ဘာစိုက်ခင်းအတွင်း ကြားသီးနှံ ပိန္နဲ၊ နာနတ် စိုက်ပျိုးခြင်း





# ရော်ဘာစိုက်ခင်းအတွင်း
# ကြားသီးနှံ ကွမ်းသီး၊ ကော်ဖီ စိုက်ပျိုးခြင်း





# အစေးလှီးနေသောရော်ဘာစိုက်ခင်းအတွင်း
# ကြားသီးနှံ ကိုကိုး ၊ ဝဥ စိုက်ပျိုးခြင်း






# ရော်ဘာစိုက်ခင်းအတွင်း
# ကြားသီးနှံ ဝဥ ၊ အာတာလွတ်ဥ စိုက်ပျိုးခြင်း






# ရော်ဘာစိုက်ခင်းအတွင်း ကြာသီးနှံ
# ပိန်းဥ နှင့် ခရမ်းသီး စိုက်ပျိုးခြင်း





# ရော်ဘာအခင်းသစ်တွင်
# ကြားသီးနှံ  ကော်ဖီနှင့်မျောက်ငို
# စိုက်ပျိုးခြင်း





# တစ်ကောကုန်ကျစရိတ်နှင့် အကျိုးအမြတ်ရရှိမှုအခြေအနေ

| စဉ် | ကြားသီးနှံ | တစ်ကောဝင်ဆံ့အပင် ဦးရေ | ကုန်ကျစရိတ် | ဝင်ငွေ | အမြတ် |
|---|---|---|---|---|---|
| ၁။ | ပိန်နဲ | ၆၀ (၂၀’×၂၀’) | ၂၅၀၀၀၀ | ၁၅၀၀၀၀၀ | ၁၂၅၀၀၀၀ |
| ၂။ | နာနတ် | ၃၁၂ (၆×၄) | ၁၀၆၇၀၀ | ၃၆၀၀၀၀ | ၂၅၃၃၀၀ |
| ၃။ | ကွမ်းသီး | ၁၇၁ (၁၁’×၁၁’) | ၂၀၁၁၀၀ | ၄၅၀၀၀၀ | ၂၄၈၉၀၀ |
| ၄။ | ကော်ဖီ | ၁၈၉ (၁၀’×၁၀’) | ၄၀၂၀၀၀ | ၉၀၀၀၀၀ | ၄၉၈၀၀၀ |
| ၅။ | ကိုကိုး | ၁၈၉ (၁၀’×၁၀’) | ၂၄၃၀၀၀ | ၇၂၀၀၀၀ | ၄၇၇၀၀၀ |

# ကြားသီးနှံစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ

- အပိုဝင်ငွေရရှိခြင်း
- မြေတစ်ယူနစ်အသုံးပြုမှုစွမ်းအားတိုးတက်လာခြင်း
- အစေးခြစ်ရပ်နားကာလတွင်အလုပ်အကိုင်အခွင့်အလမ်းရရှိ စေခြင်း
- ရော်ဘာစိုက်တောင်သူ၏ ရင်းနှီးမြှုပ်နှံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေခြင်း
- မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးခြင်း

# Covid-19 နှင့်ယှဉ်တွဲပြီး ICT နည်းပညာအသုံးပြုပြီး စိုက်ပျိုးပညာပေးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေ

- တောင်သူများအား Viber Group ဖြင့် နည်းပညာပေးခြင်း
- Messenger Group ဖြင့် နည်းပညာပေးခြင်း
- PP Mobile Application နှင့် အခြားစိုက်ပျိုးရေးဆိုင်ရာ Application များ ထည့်သွင်းပြီး ပညာပေးခြင်း
- အင်တာနက်လိုင်းမမိသော နေရာများသို့ Phone ဖြင့်  တိုက်ရိုက်ဆက်ပြီး ပညာပေးခြင်း

# နိဂုံး

- ရော်ဘာပင် တန်းကြားများတွင် ကြားသီးနှံများစိုက်ပျိုးခြင်းဖြင့် ရော်ဘာအစေးခြစ်ခြင်း လုပ်ငန်းလုပ်ဆောင်နေသည့်ကာလ သာမက အစေးခြစ်ခြင်းလုပ်ငန်း နားနေကာလနှင့် ရော်ဘာပင်စိုက်ပျိုးပြီးချိန် အပင်ထိန်းသိမ်းကာလများတွင် စိုက်ပျိုးမည့် ကြားသီးနှံနှင့် ရော်ဘာပင်များ သဟဇာတဖြစ်စွာ ရှင်သန်သီးပွင့်နိုင်ရန်အတွက် လိုအပ်သော အလင်းရောင်၊ ရောဂါကူးစက်မှု၊ အစာအာဟာရ စားသုံးနိုင်မှု စသည်တို့ကို တွက်ချက်ပြီး စိုက်ပျိုးသွားခြင်းဖြင့် အဓိကသီးနှံရော်ဘာမှ ဝင်ငွေရရှိမည့်အပြင် ကြားသီးနှံစိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေများ ရရှိမည် ဖြစ်ပါသည်။
- ကြားသီးနှံစိုက်ပျိုးခြင်းဖြင့် ခြံရှင်နှင့် အလုပ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာပါမည်။
- သို့ဖြစ်ပါ၍ ရော်ဘာစိုက်တောင်သူများဝင်ငွေတိုးစေဖို့ ကြားသီးနှံစိုက်ပျိုးကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ကျမ်းကိုး စာရင်း

- တနင်္သာရီတိုင်းဒေသကြီး ၊ စိုက်ပျိုးရေးဦးစီးဌာန ၊ တိုင်းဒေသကြီးဦးစီးမှုရုံး၏ ရော်ဘာစိုက်ခင်းတွင် ကြားသီးနှံ စိုက်ပျိုးခြင်း လက်ကမ်းစာစောင်။
- ၂၀၁၉ ခုနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း မှ တွေ့ရှိချက်များ။
- ကြားသီးနှံများ ကွင်းဆင်း စစ်ဆေးခြင်း စာစောင်။


လမ်းညွှန်မှု ခံယူအပ်ပါသည်။